**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ (၁၇-၆-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးသိန်းပို၊ ညောင်ဦးမဲဆန္ဒနယ်က** ညောင်ဦးမြို့နယ်၊ တောင်ဇင်း ကျေးရွာအုပ်စုရှိ တိမ်ကောလာနေသည့် ကမ္မကန်တော်ကြီးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်း ပါသည်။ | **နေပြည်တော်ကောင်စီက** ရေဝင်လမ်းကြောင်း၊ သဲစစ်ကန်နှင့် ကန် အတွင်းရှိ သဲနုန်းများတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြား ပါသည်။ |
| ၂။ | **ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်က** သဲကုန်းမြို့နယ်အတွင်းရှိ အင်းမအင်း ဧရိယာ (၆.၅) စတုရန်းမိုင် တိမ်ကောနေမှုအား တူးဖော် ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အင်းမအင်း ပင်မ ရေလမ်းကြောင်း (၁.၆)မိုင်အား ရှင်းလင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက် သွားမည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်စေရေး နှစ်စဉ် (၂)မိုင်ခန့် တူးဖော်ပေးနိုင် ရေး ပြည်ထောင်စု (သို့) တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်က** ကော့ကရိတ်မြို့အဝင် လမ်းမကြီးဘေး State Land သတ်မှတ်မြေနေရာဖြစ်သည့် စည်ပင် ရုံးရှေ့ မျက်နှာချင်းဆိုင်လမ်းရှိ မြေကွက်လပ်ပေါ်တွင် ဌာနဆိုင်ရာ စုပေါင်းရုံးနှင့်တွဲလျက် ဝန်ထမ်းအိမ်ရာပါ အဆောက်အဦအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** ဌာနအမည်ပေါက် အခမဲ့မြေလွှဲမိန့် ရရှိရေး ဆောင်ရွက်လျက်ရှိပြီး အမည်ပေါက်ရရှိပါက စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူပြီး ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **စိုင်ထွန်းစံ(ခ) စိုင်းဆေဟန်၊ လင်းခေးမဲဆန္ဒနယ်က** လင်းခေးမြို့မှ ဝမ်စစ်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းအနက် စံချိန်စံညွှန်းမပြည့်မီသည့် ကွန်ကရစ်လမ်း (၁၁)မိုင်အား မည်သည့် ဘဏ္ဍာနှစ်တွင် အပြီးသတ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ၄ ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတား ၂ စင်း တည်ဆောက်ခြင်းတို့အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ခွင့်ပြုပြီးဖြစ်ပြီး ကျန်လမ်းပိုင်းများအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ နှစ်စဉ်လျာထား အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးစိုင်းလောင်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်က** မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်-မိုင်းရှဲန် ကျေးလက်ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ကုန်ထုတ်လမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ဦးစွာဆောင်ရွက်ရမည့် မြေသားလမ်း တာချဲ့ခြင်းလုပ်ငန်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်က** မိုင်းခတ်- မိုင်းညှင်းလမ်းပေါ်ရှိ အတက်အဆင်း မတ်စောက်နေသည့်နေရာများတွင် ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ကွန်ကရစ်လမ်းခင်းရန် ၀/၄မိုင် အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် ခွင့်ပြုထားပြီးဖြစ်ပြီး ကျန်လမ်းပိုင်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဦးစိုင်းအောင်ခမ်း၊ မိုင်းယောင်းမဲဆန္ဒနယ်က** ဝမ်ဘိုး- ဝမ်မန်း ကျေးရွာအုပ်စုချင်းဆက် လမ်းပေါ်ရှိ ရေတိုက်စား၍ ပျက်စီးခဲ့သည့် ဝမ်ဘိုးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရှမ်းပြည်နယ်ရန်ပုံငွေစီမံကိန်းစာရင်းတွင် အဆိုပြု လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၈။ | **ဦးစိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်က** ဝမ်ဆန်းကျေးရွာ ဝမ်ဟိုင့်နှင့် ဝမ်ယိန်းကျေးရွာအုပ်စုများရှိ ကျေးရွာများကို လျှပ်စစ်မီးရရှိ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဝမ်ဆန်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မည်ဖြစ်ပြီး ဝမ်ဟိုင့်နှင့် ဝမ်ယိန်းကျေးရွာအုပ်စုများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၉။ | **ဦးစိုးကျော်နိုင်၊ ကျွန်းလှမဲဆန္ဒနယ်က** ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့အပါအဝင် ၎င်းမြို့နယ်များအတွင်းရှိ ကျေးရွာများမှ ပြည်သူများ လျှပ်စစ်မီး မရရှိမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံမှ ပြန်လည်ဓာတ်အားထုတ်လုပ်ချိန်တွင် ဓာတ်အားပေးစက်များ သီးခြားမောင်းနှင်ပြီး ၃၃ ကေဗွီ သဖန်းဆိပ် - ကန့်ဘလူ- လိပ်ဆင်းတောင် ဓာတ်အားလိုင်းဖြင့် ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးမျိုး(ခ)ဦးမျိုးအောင် ပြည်မဲဆန္ဒနယ်က** ပြည်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ခေတ်ကာလနှင်ကိုက်ညီမှုမရှိသော လျှပ်စစ်ဓာတ်အားပေးလိုင်း၊ ကြေးကြိုးများအား (TWO COVER) ရှိသော ကြိုးသစ်များဖြင့် မည်သည့်အချိန်တွင် အသစ်လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** တည်ဆောက်သွယ်တန်းထားသည့် ၄၀၀ ဗို့ဓာတ်အားလိုင်းအနက် မိုင် ၈၀ အား Insulated Wire (ကာဗာကြိုး)ဖြင့် အစားထိုး လဲလှယ်တည်ဆောက်ခြင်း လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အပိုင်းအလိုက် ထည့်သွင်းလျာထား တင်ပြမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၁။ | **ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်က** ညောင်ပင်ကြီး- ဂန့်ဂေါ- ကလေး မဟာဓာတ်အားလိုင်းမှတစ်ဆင့် ကလေးဝ- မော်လိုက်အထိ ရရှိနေသော လျှပ်စစ်ဓာတ်အားများဖျက်စီးခံရ၍ ပြတ်တောက်လျက်ရှိပါသည်။ ဓာတ်အားလိုင်းပြုပြင်ရေးနှင့် မဟာဓာတ်အားလိုင်း ပြန်လည်တပ်ဆင်နိုင်ရေးကို ဦးစားပေး စီစဉ်ဆောင်ရွက်နိုင်ရေး ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ဓာတ်အားလိုင်းသည် အရေးပေါ်အခြေအနေ ကြေညာခြင်းခံထားရသည့် မြို့နယ်များအတွင်း ဖြတ်သန်းတည်ဆောက်ထား သဖြင့် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည့်ဆက်စပ်ပစ္စည်း များကို ပခုက္ကူမြို့သို့ ပို့ဆောင်ထားပြီးဖြစ်ပါကြောင်းနှင့် နယ်မြေအခြေအနေ အပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၂။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်က** တပ်ကုန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိနေသော ကျေးရွာ(၂၄)ရွာကို 5 Year Plan ၏ လျာထားချက်အတိုင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း (၁၉) မိုင်ခန့်နှင့် ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ရုံအား ကရင်ချောင်းကျေးရွာတွင် တည်ဆောက်ခြင်း၊ (၁၁) ကေဗွီ ဓာတ်အားလိုင်း (၆၂.၉၈) မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ ကေဗွီ (၄၁၆၀) ကေဗွီအေ တည်ဆောက်ခြင်း လုပ်ငန်းများအား ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်းမေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာ (၉) ရွာ ဓာတ်အားရရှိရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ ကျေးရွာ (၇) ရွာ ဓာတ်အားရရှိရေးအတွက် ၂၀၂၈ -၂၀၂၉ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ ကျေးရွာ (၈) ရွာ ဓာတ်အားရရှိရေးတို့အတွက် ၂၀၂၉ -၂၀၃၀ ဘဏ္ဍာနှစ်တို့တွင် လည်းကောင်း နေပြည်တော်ကောင်စီ၏ ဘတ်ဂျက်ဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |